[HIV ရောဂါပိုး ရိုးတွင်းခြင်ဆီအတွင်း ပုန်းခိုနေနိုင်]



ဆရာဝန်များက HIVရောဂါပိုးသည် ရိုးတွင်းခြင်ဆီအတွင်း ပုန်းခို နေနိုင်ကြောင်း ပညာရှင်များက ဖော်ထုတ် တွေ့ရှိ ခဲ့သည်။ သုတေသီ များက ခုခံအား ကျဆင်းမှု AIDS ရောဂါကို ဖြစ်ပွားစေသည့် ရောဂါပိုးသည် ဆေးဝါးများ မှီဝဲနေစဉ် ခြင်ဆီအတွင်း ဝင်ရောက်ပုန်းအောင်းနေကာ ကာလကြာမြင့်မှ တကျော့ပြန် ထကြွပြီး ရောဂါ ဖြစ်ပွားစေ တတ်ကြောင်း ပြောကြား ခဲ့သည်။ HIV ပိုး၏ ကုသရန် ခက်ခဲမှုအား လေ့လာနေခြင်း၏ ပထမ ခြေလှမ်းကို မိမိတို့ ဖော်ထုတ် နိုင်ခဲ့ပြီ ဖြစ်ကြောင်း အမေရိကန်နိုင်ငံ၊ မစ်ချီဂန် တက္ကသိုလ်မှ ဒေါက်တာ ကက်သလင်းကောလင်းစ် က ပြောကြား ခဲ့သည်။ သူမနှင့် လုပ်ဖော်ကိုင်ဖက် သုတေသီများက Nature Medicine မဂ္ဂဇင်းတွင် ယခု တွေ့ရှိမှုအား ဖော်ပြခဲ့ပြီး HIV ပိုးသည် အချိန် အလွန်ကြာမြင့်မှ လူကို ဒုက္ခပေးနိုင်ကြောင်း ပြောဆိုသွား သည်။ ခြင်ဆီ အတွင်း ခိုအောင်း နေသည့် ရောဂါ ပိုးသည် အမှန်အားဖြင့် သွေးဆဲလ်များအတွင်း တည်ရှိနေရာမှ ပြောင်းလဲသွားခြင်းဖြစ်ကြောင်းလည်း ဒေါက်တာကက်သရင်းကဆိုသည်။

HIV ဗိုင်းရပ်စ်သည် ခြင်ဆီအတွင်း ရောက်ရှိနေပါက ကုသဆေးများ မှီဝဲသည့်တိုင် ထိရောက်မှု မရှိနိုင်ဘဲ ကာလကြာမြင့်မှ ပြန်လည်ရှင်သန်ကာ ကူးစက်မှုအသစ်တစ်ဖန် ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။ HIV ပိုးသည် သွေးဆဲလ်များကို ဖျက်ဆီးပစ်ပြီးသည်နှင့် နောက်တစ်ခုသို့ ပျံ့နှံ့ကူးစက်သွားတတ်ကြောင်းလည်း ပညာရှင်များကဆိုသည်။ ယခုတွေ့ရှိမှုကြောင့် HIV ပိုးအား အမြစ်ပြတ် တိုက်ပွဲဆင်နိုင်ရေး မျှော်လင့်ချက်ကို ပိုမိုအားကောင်းလာစေမည်ဟု မျှော်လင့်ကြောင်း ဒေါက်တာကက်သရင်းက မှတ်ချက်ပြုခဲ့သည်။ ထို့အပြင် HIV ပိုးသည် ကုသဆေးများရန်မှ ပုန်းခိုနိုင်သည့် ခြင်ဆီကဲ့သို့ အခြားနေရာများ ရှိနေနိုင်သေးသည်ကိုလည်း စစ်ဆေးဖော်ထုတ်ရမည်ဖြစ်ကြောင်း ဒေါက်တာကက်သရင်းက ပြောကြားသွားသည်။ ယခုသုတေသန ပြုလုပ်မှု အတွက် Burroughs Wellcome ဖောင်ဒေးရှင်းနှင့် မစ်ရှီဂန်တက္ကသိုလ် အပါအဝင် အဖွဲ့ အစည်း အချို့က ငွေကြေး ကျခံ ပေးခဲ့ခြင်းဟု သတင်း ရရှိသည်။